**RCSS၊ အစိုးရနှင့် UNODC တို့၏**

**စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုအပေါ် ပြန်လည်သုံးသပ်ချက်များ**

.........

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီ

၂၀၁၃ခုနှစ် ဒီဇင်ဘာလ (၂၃)ရက်နေ့

*"RCSS၊ အစိုးရနှင့် UNODC သုံးပွင့်ဆိုင်လက်တွဲပူးပေါင်း၍ စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေး စီမံကိန်းနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီထားကြသည့် သဘောတူညီချက်များသည် စာရွက်ပေါ်တွင်သာရှိပြီး လက်တွေ့ အကောင် ထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်းနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရာတွင် အစိုးရဘက်မှ ပူးပေါင်းဆောင်ရွက်လိုသည့်ဆန္ဒမရှိကြောင်းအား လက်တွေ့ကွင်းဆင်းအကောင်အထည်ဖေါ်ဆောင်ရွက် ရာတွင်ကြုံတွေ့ခဲ့ရသော အဟန့်အတားများ၊ အခက်အခဲများနှင့် စိန်ခေါ်မှုများအရ ပြန်လည်သုံးသပ် ချက်များရရှိသည်။*

*စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေးအတွက် RCSS မှညှိနှိုင်းဆက်ဆံရေး တာဝန်ခံ ထားရှိပြီး ပူးပေါင်းညှိနှိုင်းဆက်ဆံရေးရုံးအား သျှမ်းပြည်၊ တောင်ကြီးမြို့တွင်ဖွင့်လှစ်ထားရှိရာ တစ်နှစ်တာ ကာလရှိခဲ့ပြီဖြစ်သော်လည်း လုပ်ငန်းများလက်တွဲပူးပေါင်းအကောင်အထည်ဖော်ဆောင်ရေး အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (CCDAC)မှ လွန်ခဲ့သည့်တစ်နှစ်တာကာလအတွင်း တရားဝင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း မရှိခဲ့ပေ။ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက်ရယူထားကြသော သဘောတူညီချက်များအပေါ် လက်တွေ့ အကောင်အထည်ဖေါ် လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ဤကဲ့သို့သောလုပ်ဆောင်ရပ်များသည် ငြိမ်းချမ်း ရေးအတွက် ယုံကြည်မှုတည်ဆောက်ရန် အခက်အခဲဖြစ်စေသည့် အကြောင်းအရာတခုပင်ဖြစ်သည်။"*

ဤသုံးသပ်ချက်စာတမ်းသည် အထက်ဖေါ်ပြထားသော အကြောင်းအရာကို အချက်အလက် များဖြင့် မီးမောင်းထိုးထောက်ပြသွားမည်ဖြစ်ပြီး RCSS၊ အစိုးရနှင့် UNODC တို့၏ စံပြရှေ့ပြေးအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ နှင့်အညီ RCSS မှအားကျိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်များကို အစီရင်ခံထုတ်ဖော်တင်ပြ ရခြင်းဖြစ်သည်။

စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မူးယစ် ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးအတွက် သဘောတူညီချက်ရယူခဲ့ကြရာ တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သော်

လည်း ဤစီမံကိန်းအကောင်အထည်ဖော်ရေး နှောင့်နှေးကြန့်ကြာရခြင်းမှာ နိုင်ငံတော်အစိုးရ၏ အထက်သက်ဆိုင်ရာမှ ညွှန်ကြားချက်များချမှတ်ခြင်းမရှိသောကြောင့် အစိုးရဌာနဆိုင်ရာအဆင့်ဆင့်မှ လက်တွဲပူးပေါင်းဆောင်ရွက်မှုများအားမရရှိခြင်း ထို့ကြောင့်လုပ်ငန်းများ ဆက်လက်အကော်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိပေ။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ အပေါ်တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး သဘောတူညီချက်များအပေါ်တွင်လည်းကောင်း နိုင်ငံတော်အစိုးရမှ ဤကဲ့သို့လှစ်လျူပြုကာ လိုက်နာဆောင်ရွက်မှုမရှိခြင်းသည် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် အခက်အခဲနှင့် အဟန့်အတားဖြစ်စေသည့် စိန်ခေါ်ချက်များပင်ဖြစ်သည်။

**စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး သမိုင်းနောက်ခံအကျဉ်း**

RCSS နှင့်နိုင်ငံတော်အစိုးရတို့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ထိုးပြီးသည့်နောက် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံကိန်းများအတွက် ၂၀၁၂ ခုနှစ် အောက်တိုဘာလ (၂၇-၂၈) ရက်များတွင် သျှမ်းပြည်နယ်၊ တာချီလိတ်မြို့၌ RCSS၊ အစိုးရနှင့် UNODC တို့တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အောက်ပါ သဘောတူညီချက် (၉) ချက်အားသဘောတူညီချမှတ်ခဲ့သည်။

(၁) သျှမ်းပြည်နယ် မိုးနဲနှင့် မိုင်းပန်မြို့နယ်တို့တွင် ခန့်မှန်းလေ့လာမှုများအား နိုင်ငံတော်အစိုးရ၊ RCSS နှင့် UNODC တို့မှ ပြုလုပ်သွားရန်။

(၂) အဆိုပါမြို့နယ်များတွင် ခန့်မှန်းလေ့လာမှုများမှရရှိသည့်အချက်အလက်များကို အခြေခံပြီးစံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းနေရာများအား နိုင်ငံတော်အစိုးရ၊ UNODC နှင့် RCSS တို့မှပူးပေါင်းရွေးချယ်သွားရန်။

(၃) ရွေးချယ်ထားသောစံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းနေရာများတွင် ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းအစီအစဉ်များအား ပူးပေါင်းရေးဆွဲပြီး လူထုအဖွဲ့အစည်းများအတွင်း ရှင်းလင်းချပြ၍ အကြံပေးမှုများရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(၄) ရွေးချယ်ထားသောစံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းနေရာများတွင် နိုင်ငံတော်အစိုးရ၊ UNODC နှင့် RCSS တို့မှ အမြန်ဆုံးပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(၅) UNODC အနေဖြင့်နိုင်ငံတော်အစိုးရနှင့် RCSS တို့၏ စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းနေရာတို့တွင် နည်းပညာပံ့ပိုးကူညီပေးမှုများ ပြုလုပ်သွားရန်။

(၆) ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းနေရာများတွင် လတ်တလောလိုအပ်မည့် ဘဏ္ဍာငွေအထောက်အပံ့များအား အပြည်ပြည်ဆိုင်ရာအလှူရှင်များထံမှ အကူအညီရယူရေးအတွက် UNODC မှဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်။

(၇) RCSS အနေဖြင့်မိမိဒေသတွင်ဒေသခံပြည်သူများနှင့် RCSS တပ်ဖွဲ့ဝင်များအား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်ရေး၊ မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား အသိပညာပေး စည်းရုံးဆောင်ရွက်သွားရန်။

(၈) မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူးယစ်ဗဟိုအဖွဲ့၊ သျှမ်းပြည်နယ်ရဲတပ်ဖွဲ့နှင့် RCSS တို့မှဆက်သွယ်ရေး တာဝန်ခံများသတ်မှတ်ပြီးအီးမေလ်း၊ ဖုန်း၊ သင့်တော်သည့်နည်းလမ်းတို့ဖြင့် သတင်းဖလှယ်ပူးပေါင်းဆောင် ရွက်ရန်။

(၉) မူးယစ်ဗဟို၊ UNODC နှင့် RCSS တို့မှ ပူးပေါင်းဆောင်ရွက်မည့် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း နေရာများတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍အထက်ဌာနများသို့ ဆက်လက်တင်ပြသွားရန်။

သဘောတူညီချက်အမှတ် (၈) အရ UNODC၊ မူးယစ်ဗဟို (CCDAC) တို့နှင့် လုပ်ငန်းကိစ္စပတ်သက်၍ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ၂၀၁၃ခုနှစ်ဇန်နဝါရီလ (၂၄) ရက်မှစပြီး RCSS မှ ဗိုလ်မှူးဂမ်းဆိုင်ကို တောင်ကြီးဆက်ဆံရေးရုံးတွင် တာဝန်ခန့်အပ်ပေးခဲ့သည်။

**စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရထံမှ ခွင့်ပြုချက်မရရှိခြင်း**

သဘောတူညီချက် (၉) ချက်တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်အတိအကျ သတ်မှတ်မထားသည်ကိုသုံးသပ်မိပါသည်။ သဘောတူညီချက် အမှတ် (၄) တွင်လည်းလုပ်ငန်းများကို အမြန်ဆုံးပူးပေါင်းဆောင်ရွက်ကြရန်ဟူ၍သာ ဖော်ပြထားပါသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလ (၂၄) ရက်တွင် RCSS မှမူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီ အဖွဲ့ ခေါင်းဆောင်နှင့် ဆက်ဆံရေးတာဝန်ခံ ဗိုလ်မှူးဂမ်းဆိုင်တို့သည် သျှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေး ရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူအားသွားရောက်တွေ့ဆုံကာ စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် RCSS အနေဖြင့်အဆင်သင့်ရှိပြီဖြစ်ပါကြောင်း၊ စီမံကိန်းအား မည်သည့် နေ့ရက်နှင့် အချိန်ကာလတွင် စတင်အကောင်အထည်ဖေါ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ ထားကြောင်း စသည်တို့အားဆွေးနွေးမေးမြန်းခဲ့ရာတွင် ဗိုလ်မှူးကြီးအောင်သူ မှ ဤကိစ္စနှင့်ပတ်သက်၍ အထက်မှမည်သည့်ညွှန်ကြားချက်တစုံတရာကိုမျှ အကြောင်းပြန်ကြားခြင်းမရှိသေးကြောင်း ပြန်လည် ဖြေကြားပေးခဲ့သည်။ သျှမ်းပြည်နယ်၊ ပြည်နယ်ရဲမင်းကြီးဝင်းထွန်းထံ ထပ်မံညှိနှိုင်းမေးမြန်းခဲ့သော်လည်း ထိုကဲ့သို့ ပင်ဖြေကြားပေးခဲ့သည်။

**စံပြရှေ့ပြေးအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းနေရာအတွက် ကွင်းဆင်းလေ့လာရာတွင် ကြုံတွေ့ရသည့် အခက်အခဲ အတားအဆီးများနှင့် လုပ်ငန်းကြန့်ကြာခဲ့သည့် အကြောင်းအရာများ။**

၂၀၁၃ ခုနှစ် ဖေဖေါ်ဝါရီလ (၁၀) ရက်တွင် UNODC မြန်မာပြည်ဆိုင်ရာဒါရိုက်တာ Mr. Jason Eligh သည် RCSS ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးယွက်စစ်နှင့် တွေ့ဆုံကာ ၂၀၁၃ ခုနှစ် မတ်လတွင် မူးယစ်ဗဟို၊ UNODC နှင့် RCSS တို့သုံးပွင့်ဆိုင်ပူးပေါင်းပြီး မိုင်းပန်နှင့် မိုးနဲဒေသများတွင် ကွင်းဆင်းလေ့လာ အချက်အလက်ရယူခြင်း (Needs Assessment) များအားဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် UNODC အနေဖြင့် အစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး တွန်းအား ပေးသွားမည်ဖြစ်ကြောင်း လုပ်ငန်းအစီအစဉ်များပြောကြားခဲ့သည်။

စီမံကိန်းလုပ်ငန်း စတင်အကောင်အထည်ဖော်ပူးပေါင်းဆောင်ရွက်ရန် စောင့်ဆိုင်းနေသည့် ကာလ တွင် မိုးနဲမြို့နယ်နှင့် မိုင်းပန်မြို့နယ်ဒေသအတွင်းရှိ ဘိန်းစိုက်တောင်သူများ၏ အခြေအနေအားသိရှိနိုင်ရန် RCSS မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီမှ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း မိုင်းပန်မြို့နယ်တွင်

ကျေးရွာပေါင်း (၉) ရွာနှင့် မိုးနဲမြို့နယ်တွင် ကျေးရွာပေါင်း (၁၁) ရွာသို့သွားရောက် ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ပါသည်။

ကွင်းဆင်းလေ့လာခဲ့သည့် ထိုနှစ်မြို့နယ်မှ ကျေးလက်ဒေသခံပြည်သူများသည် စားဝတ်နေရေးအတွက် ဘိန်းစိုက်ပျိုးခြင်း ကိုအားထားနေကြရပါသည်။ အခြားသောစိုက်ပျိုးသီးနှံများမှာ ဝယ်လိုအားနှင့်ဈေးကွက်များမရှိသဖြင့် စိုက်ပျိုးသူနည်းပါးသည်။ ဘိန်းစိုက်ပျိုးခြင်းမှ ရရှိသည့်ဝင်ငွေဖြင့် ဆန်ဝယ်ယူစားသုံးရသည် စားဝတ်နေရေးအတွက် လိုအပ်ချက်များအား ဘိန်းစိုက်ပျိုးခြင်းဖြင့်သာ အသက်မွေးဝမ်းကြောင်းရေးအတွက် ရုန်းကန်လုပ်ကိုင်နေကြရပါသည်။

အဆိုပါဒေသများတွင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက်ဝန်ဆောင်မှုပေးမည့် စာသင်ကျောင်းနှင့် ဆေးပေးခန်းတို့ပင်လျှင်မရှိကြပေ။ ဒေသတွင်းရှိ စိုက်ပျိုးမြေများမှာလည်း မြေဆီမြေနှစ်နည်းပါးခြင်းများရှိသည်။ နှစ်စဉ်သစ်တောပြုန်းတီးခြင်းများနှင့် သောက်သုံးရေရှားပါးခြင်း စသည့်အခက်အခဲများလည်းကြုံတွေ့နေကြရသည်။ လွန်ခဲ့သည့် ၁၉၉၆-၁၉၉၇ ခုနှစ်များတွင် အဆိုပါဒေသများရှိ ကျေးရွာများမှ ပြည်သူများသည် စစ်တပ်မှ (4 Cut) စစ်ဆင်ရေးလုပ်ကာ ကျေးရွာများအား အတင်းအဓမ္မပြောင်းရွှေ့ခိုင်းခြင်းများကိုခံခဲ့ကြရပါသည်။

ဒေသခံလူထုများမှ စားဝတ်နေရေးအတွက်ကြောင့် ဘိန်းစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းနေရခြင်းဖြစ်ကြောင်း၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်းဖြင့် စားဝတ်နေရေးအတွက်ဖူလုံပါက ဘိန်းစိုက်ပျိုးရန်ဆန္ဒမရှိပါကြောင်း၊ အစားထိုးသီးနှံများ ရောင်းချနိုင်ရေးအတွက် ဈေးကွက်များပါဖန်တီး ပေးစေလိုကြောင်း ကွင်းဆင်းလေ့လာစဉ်အတွင်း ဒေသခံပြည်သူများကတောင်းဆိုပြောကြားခဲ့ကြသည်။

၂၀၁၃ ခုနှစ် ဧပြီလတွင် RCSS မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီ အဖွဲ့ခေါင်းဆောင်နှင့်အတွင်းရေးမှူးတို့သည် UNODC မြန်မာပြည်ဆိုင်ရာဒါရိုက်တာ Mr. Jason Eligh နှင့် သျှမ်းပြည်တောင်ကြီးမြို့ UNODC ရုံး၌တွေ့ဆုံဆွေးနွေးကြရာတွင် Mr. Jason Eligh မှမိုးနဲမြို့နယ်နှင့် မိုင်းပန်မြို့နယ်များတွင် သင်္ကြန်အပြီးတွင် ကွင်းဆင်းအကဲဖြတ်လေ့လာမှုများဆောင်ရွက်ခြင်း (Needs Assessment) ပြုလုပ်နိုင်ရန် အစိုးရကိုတိုက်တွန်းသွားမည်ဖြစ်ကြောင်းထပ်မံပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်ဧပြီလ (၅) ရက်တွင် ကွင်းဆင်းအကဲဖြတ်လေ့လာမှုများဆောင်ရွက်ခြင်း (Needs Assessment) ကောက်ယူခြင်းနှင့် ပတ်သက်၍ သျှမ်းပြည်၊ ပြည်နယ်ရဲမင်းကြီးဝင်းထွန်း ထံသို့စုံစမ်းမေးမြန်းကြည့်ရာမှာ ပြည်နယ်ရဲမင်းကြီးမှ UNODC ကိုမေးမြန်းရဦးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပြီး ဤကိစ္စနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများလုပ်ဆောင်ရန် UNODC ကိုမေးမြန်းလျှင် အစိုးရခွင့်မပြုသဖြင့် လုပ်ငန်းမစနိုင်သေးကြောင်း၊ အစိုးရ၏မူးယစ်ဗဟို (CCDAC) ကိုမေးမြန်းလျှင် UNODC ကိုမေးမြန်းရဦးမည် သို့တည်းမဟုတ် အထက်မှ မည်သည့်ညွှန်ကြားချက် အကြောင်းတစုံတရာမျှပြန်ကြားပေးခြင်းမရှိသေးကြောင်း စသည်ဖြင့်အကြောင်းပြချက်ပေး၍ အမြဲတုန့်ပြန် ဖြေကြားပေးခဲ့ကြသည်။

၂၀၁၃ ခုနှစ် ဂျူလိုင်လမှသာ မူးယစ်ဗဟို၊ UNODC နှင့် RCSS သုံးပွင့်ဆိုင်ပူးပေါင်းပြီး မိုးနဲနှင့်မိုင်းပန်ဒေသအတွင်း Needs Assessment များကိုဆောင်ရွက်ခဲ့ကြသည်။ Needs Assessment ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို UNODC နှင့်ပူးပေါင်းပြီး RCSS မှဆက်ဆံရေးတာဝန်ခံ ဗိုလ်မှူးဝမ်းဆိုင် ကသျှမ်းဘာသာဖြင့်ပြည်သူများအား ကြိုတင်ရှင်းလင်းပေးထားသဖြင့် လုပ်ငန်းပြီးမြောက်အောင်မြင်ရေး အတွက်များစွာအထောက်အကူပြုခဲ့ပါသည်။

၂၀၁၃ ခုနှစ်ဂျူလိုင်လ (၂၃-၂၄) ရက် တွင်ကျေးရွာပေါင်း (၁၇) ရွာမှ လူထုကိုယ်စားလှယ်များကို မိုးနဲမြို့၊ မြို့နယ်ခန်းမတွင်စုရုံးစေပြီး Needs Assessment ကောက်ယူခြင်းကိုဆောင်ရွက်ခဲ့ပါသည်။

သို့သော်မိုင်းပန်သို့ ရောက်သွားသည့် ဂျူလိုင် (၂၅) ရက်တွင် CCDAC မှ ရဲမှူးကျော်ဆန်းမှ Needs Assessment ဆောင်ရွက်ခြင်းလုပ်ငန်းတွင် RCSS မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ ပါဝင် ဆောင်ရွက်နေခြင်းကို သျှမ်းပြည်နယ်အစိုးရကမသိရှိကြောင်းဟုပြောကာ ဤလုပ်ငန်းစဉ်တွင် RCSS ၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ မပါဝင်စေရန် တားမြစ်ခဲ့ပါသည်။

ဤတားမြစ်ချက်နှင့်ပတ်သက်၍ အကြောင်းအရင်းအမှန်ကို သိရှိနိုင်ရန် RCSS မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီ အဖွဲ့ခေါင်းဆောင်မှ ရဲမှူးကြီးမြင့်သိန်း (CCDAC) ထံစာဖြင့်မေးမြန်းခဲ့သော်လည်း မည်သည့်တုံ့ပြန်ချက်ကိုမှ မရရှိခဲ့ပေ။

အမှန်မှာ ၂၀၁၃ ခုနှစ် ဂျူလိုင်လ (၂၁) ရက်တွင် RCSS မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီ အဖွဲ့ခေါင်းဆောင်မှ Needs Assessment ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ သုံးပွင့်ဆိုင်ပူးပေါင်း ဆောင်ရွက်မည့် ကိစ္စအား သျှမ်းပြည်နယ်ရဲမင်းကြီး ထံသို့ပြောပြထားပြီးဖြစ်ပါသည်။ အချက်အလက်ကောက်ယူသည့် ခရီးစဉ်တလျှောက်တွင်လည်း စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အထူးရဲများက သတင်းလိုက်ယူ၍ အထက်သို့အဆက်မပြတ်နေ့စဉ်သတင်းပို့တင်ပြခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ဤသုံးပွင့်ဆိုင် Needs Assessment ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ UNODC နှင့် CCDAC တို့ကြိုတင်ဆွေးနွေးပြီးမှ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်သဖြင့် သျှမ်းပြည်နယ်အစိုးရမှ မသိရကြောင်းဆိုခြင်းသည် ယုတ္တိမတန်သည်သာမက လုံးဝမဖြစ်သင့်သည့်ကိစ္စဖြစ်ပါသည်။ Needs Assessment ဆောင်ရွက်ခြင်းသည် တာချီလိတ်ဆွေးနွေးပွဲ၏ သဘောတူညီချက် အမှတ် (၁) ကိုစတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

**စီမံကိန်းဒေသတွင် နိုင်ငံခြားသံတမန်များနှင့် တွေ့ဆုံနိုင်ရေးအတွက် RCSS ဖိတ်ကြားခြင်းမရရှိခဲ့**

၂၀၁၃ခုနှစ်နိုဝင်ဘာလ (၃၀) ရက်တွင် Mr. Jason Eighဦးဆောင်ပြီး US EU သံတမန်များနှင့် စီမံကိန်းအလှူရှင်များလိုက်ပါလျက် ဒီဇင်ဘာ (၃) ရက်နေ့တွင်မိုးနဲမြို့နှင့်၊ (၄) ရက်နေ့တွင် မိုင်းပန်မြို့သို့ သွားရောက်ပြီး ဒေသခံလူထုနှင့် RCSS တာဝန်ရှိသူများကို တွေ့ဆုံမည်ဖြစ်ကြောင်း UNODC ရုံးမှအကြောင်းကြားလာပါသည်။ သို့သော် CCDAC နှင့် သျှမ်းပြည်နယ်အစိုးရမှ RCSS အားတရားဝင် ဖိတ်ကြားခြင်းမရှိသည့်အတွက် RCSS မှသဘောတူညီချက်အတိုင်း သွားရောက်အကူအညီပေးနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ယင်းကဲ့သို့မဖိတ်ကြားခြင်းသည် သဘောတူညီချက်များအား ချိုးဖောက်ခြင်း ပင်ဖြစ်သည်။

**နိဂုံး**

သုံးပွင့်ဆိုင်ပူးပေါင်းပြီး စံပြရွှေ့ပြောင်းအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဟုသဘောတူညီခဲ့ကြသော်လည်း သဘောတူညီချက်များသည် စာရွက်ပေါ်တွင်သာရှိနေပြီး လက်တွေ့တွင်မူ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်းနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရာတွင် အစိုးရဘက်မှ ပူးပေါင်းဆောင်ရွက်လိုခြင်းမရှိကြောင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများအရ သိရှိခဲ့ရပါသည်။

စံပြရွှေ့ပြောင်းအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးအတွက် RCSS မှဆက်ဆံရေးတာဝန်ခံအား တစ်နှစ်ကြာ ကာလအထိ တောင်ကြီးတွင်ရုံးဖွင့်လှစ်ပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးအတွက် စောင့်ဆိုင်းခဲ့သော်လည်း CCDAC

မှတရားဝင်အဆက်အသွယ်ပြုလုပ်လာခြင်းမျိုး မရှိခဲ့ပေ။ ဤဖြစ်ရပ်သည် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ကိုထိခိုက်စေသည့် အကြောင်းအရာတခုဖြစ်ပါသည်။

Map of the joint pilot drug eradication project area




မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်

| | |
|---|---|
| ဒုဗိုလ်မှူးကြီးစိုင်းဟန် | +၆၆၈၈၈၅၆၉၁၈၆ |
| ဗိုလ်မှူးဆိုင်ဝမ်း | +၆၆၈၇၄၃၉၉၆၇၈ |
| Email | rcss.anc@gmail.com |
| Website | www.rcssanc.org |
| Twitter | www.twitter.com/rcssand |
| Facebook | www.facebook.com/rcssand |